# VACANCY ANNOUNCEMENT

ရာထူးအမည် : Program Facilitator
ဌာန : Program Department
အစီရင်ခံရမည့်သူ : Senior Program Officer
တာဝန်ကျရာဒေသ : မောက်မယ်မြို့နယ်

**<u>အလုပ်အကြောင်း အကျဉ်းချုပ်ဖော်ပြချက်</u>**

စီမံကိန်းဝန်ထမ်းသည် သက်ဆိုင်ရာ ကြီးကြပ်သူ၏ စီမံခန့်ခွဲမှုအောက်တွင် စီမံချက် နှင့် ပတ်သက်သော လုပ်ငန်းတာဝန် ဝတ္တရားများကို သတ်မှတ်ကာလအတွင်း အောင်မြင်အောင် ဆောင်ရွက်ရမည်။ သတ်မှတ်ထားသော လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် စီမံချက်နှင့် ပတ်သတ်၍ အကျိုးခံစားခွင့် ရှိသူများနှင့် ချိတ်ဆက်ပြီး ကြီးကြပ်သူ၏ ညွှန်ကြားမှုဖြင့် ပူးပေါင်း လုပ်ဆောင်ရမည်။

**<u>အဓိကတာဝန်များ (တာဝန်ယူမှုနှင့် တာဝန်ခံမှုများ)</u>**

- လစဉ်လုပ်ငန်းစဉ် ရေးဆွဲခြင်း နှင့် စီမံကိန်းလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ကြီးကြပ်သူများနှင့် ပြည်သူလူထုအား ပံ့ပိုးကူညီနိုင်ရမည်။
- သင်တန်းများ၊ အစည်းအဝေးများတွင် ပူးပေါင်းပါဝင် ကူညီထောက်ပံ့မှုများလုပ်ဆောင်နိုင်ရမည်။
- လိုအပ်လျှင်လိုအပ်သလို ကျေးရွာများတွင် (ရေ၊ တစ်ကိုယ်ရည်သန့်ရှင်းရေး၊ အိမ်သာ၊ အရေးပေါ် ခိုလှုံရာနေရာနှင့် ဆောက်လုပ်ရေး)လုပ်ငန်း ဆောင်ရွက်ချက်များကို ဒေသခံများနှင့်အတူ ပူးပေါင်း ဆောင်ရွက်နိုင်ရမည်။
- အရေးပေါ် တုန့်ပြန်မှုဆိုင်ရာ လုပ်ငန်းစဉ်များကို အချိန်နှင့် တစ်ပြေးညီဆောင်ရွက်နိုင်စေရန် သက်ဆိုင်ရာကြီးကြပ်သူများနှင့် ပူးပေါင်းဆောင်ရွက်ပြီး ပံ့ပိုးမှုများကို စနစ်တကျ ပြုလုပ်နိုင်ရမည်။
- အရေးပေါ်တုန့်ပြန်မှုဆိုင်ရာ လုပ်ငန်းတာဝန်များအား သတ်မှတ်ထားသော အချိန်ကာလအတွင်းပြီးစီး အောင်ဆောင်ရွက် ပေးရန်။
- သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်း၍ ကွင်းဆင်းပြီး အရေးပေါ် တုန့်ပြန်မှုဆိုင်ရာ လုပ်ငန်းစဉ်များအား လက်တွဲပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်။
- မြို့နယ်အတွင်းရှိ အခြေအနေကို စဉ်ဆက်မပြတ် လေ့လာသုံးသပ် တင်ပြရန်။
- အရေးပေါ်တုန့်ပြန်မှုဆိုင်ရာ လုပ်ငန်းစဉ်များကို ပိုမိုအထောက်အကူဖြစ်စေရန် လိုအပ်သော ဒေသအတွင်းရှိ လိုအပ်ချက်များကို ကွင်းဆင်းစာရင်းပြုစုရန်။
- ရပ်ရွာလူထု၊ ကျန်းမာရေး အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆွေးနွေး၍ လိုအပ်ချက်အရှိဆုံး နေရာများအား ရွေးချယ်ရန်။
- ရပ်ရွာလူထုနှင့် ပူးပေါင်း၍ တစ်ကိုယ်ရေသန့်ရှင်းရေ (သန့်လေးသန့်) ပညာပေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် လိုအပ်သော အသုံးအဆောင်ပစ္စည်းများ ဝေငှပေးခြင်း၊ လိုအပ်ချက်ပေါ်မူတည်၍ စာသင်ကျောင်းများအတွက်ရေအရင်းအမြစ် မှ ရေသွယ်ပေးခြင်း၊ လက်ဆေးကန်/ အိမ်သာတည်ဆောက်ပေးခြင်း၊ အရေးပေါ်နားခိုရာနေရာ တည်ဆောက်ပေးခြင်းလုပ်ငန်း များတွင် ကြီးကြပ်ဆောင်ရွက်ပေးရန်။
- Logistics နှင့်ပူးပေါင်း၍ စီမံကိန်းအတွက်လိုအပ်သော ပစ္စည်းကိရိယာများ ဝယ်ခြမ်းခြင်း ၊ ပို့ဆောင်ပေး ခြင်းများတွင် အတူတကွ ပူးပေါင်းဆောင်ရွက်ရန်။
- စီမံကိန်းနှင့်ပတ်သတ်၍ အကျိုးခံစားခွင့်ရှိသူများ၊ မိတ်ဖက်အဖွဲ့အစည်းများ၏ ကြံပြုချက်များ၊ တောင်းဆိုချက်များကို (လိုအပ်ပါက ကြီးကြပ်သူများနှင့်တိုင်ပင်၍) အချိန်နှင့်တပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရမည်။
- စီမံကိန်းအတွက်လိုအပ်သော သတင်းအချက်အလက်များ ကောက်ယူရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရမည်။
- ကြီးကြပ်သူထံသို့ လစဉ် ကျေးရွာများတွင် လုပ်ဆောင်ခဲ့သော လုပ်ငန်းစဉ်များ၊ အခက်အခဲများနှင့် ဆောင်ရွက်ချက်များကို အစီရင်ခံစာ တင်ပြရမည်။
- စီမံကိန်းအတွက် လိုအပ်သော စာရင်းဇယား အချက်အလက်များအား ပုံမှန် စာရင်းပြုစုရန်။

- စီမံကိန်း၏ လိုအပ်ချက်အရ ကြီးကြပ်သူမှ ပေးအပ်သော တာဝန်နှင့်ဝတ္တရားများကို အခါအားလျော်စွာ လုပ်ဆောင်နိုင်ရမည်။

**<u>အနေအထိုင်နှင့်အမူအကျင့်ဆိုင်ရာ သတ်မှတ်ချက်များ</u>**

- အလုပ်အတွင်းနှင့်ပြင်ပအပြုအမူများသည် အဖွဲ့အစည်းကျင့်ဝတ်နှင့် အကာအကွယ်ပေးရေးမူဝါဒဆိုင်ရာတန်ဖိုးများကို လေးစားလိုက်နာကြောင်း သေချာစေရန်။
- သိက္ခာရှိရှိလုပ်ဆောင်ပြီး လေးစားမှု၊ပရော်ဖက်ရှင်နယ်ဖြစ်မှုအတွက် မိမိကိုယ်တိုင် တာဝန်ခံရန်။
- စီမံချက် နှင့် ပတ်သက်သော အလေးထားဖွယ်ရာ အခြေအနေအရပ်ရပ်ကို ကြီးကြပ်သူထံ သတင်းပို့ရန်။

**<u>အရည်အချင်းသတ်မှတ်ချက်များ</u> (လိုအပ်သော အရည်အသွေး၊ အသိပညာနှင့် ကျွမ်းကျင်မှုများ)**

- တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရထားသူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ ရှိရမည်။
- ကျန်းမာရေး အသိပညာ ဗဟုသုတများ ရှိရမည်
- အခြေခံကွန်ပြူတာနည်းပညာ နှင့် ပတ်သက်၍ သိရှိနားလည်ပြီး စာရင်းဇယားများကို လုပ်ဆောင်နိုင်ရမည်။
- ဆိုင်ကယ်စီးကျွမ်းကျင်သူ ဖြစ်ရမည်။ (ဆိုင်ကယ် ယာဉ်မောင်းလိုင်စင် ရှိရမည်)
- ဒေသခံလူထုနှင့် ပြေပြစ်စွာ ဆက်သွယ် ပြောဆိုနိုင်စွမ်းရည်နှင့် ပူးပေါင်းဆောင်ရွက်နိုင်မှု စွမ်းရည်များ ရှိရမည်။
- ဒေသဆိုင်ရာ စစ်တမ်းကောက်မှုများတွင် ပူးပေါင်းပါဝင် ထောက်ပံ့မှုများ ပြုလုပ်နိုင်ရမည်။
- ခရီးသွားဝေး သွားလာနိုင်သူဖြစ်ရမည်။ ( လိုအပ်ပါက ညအိပ် ၊ ညနေ သွားလာနိုင်သူ ဖြစ်ရမည်)
- ဒေသခံလူထုနှင့် ပြောဆိုဆက်သွယ်နိုင်ရန် လိုအပ်သော ဒေသခံ ဘာသာစကားများကို ပြောဆို နားလည်နိုင်ရမည်။
- တက်ကြွစွာ သင်ယူလေ့လာ ပြန်လည်ဝေမျှ နိုင်သူ ဖြစ်ရမည်။
- လုပ်ငန်းဆောင်ရွက်မှုများတွင် လိုအပ်လျှင် လိုအပ်သလို ပါဝင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။

**အလုပ်လျှောက်ထားရန်:**

လျှောက်ထားလိုသူများသည် hrmyanmar.hrmyanmar@gmail.com သို့ လိပ်မူ၍ **၂၇ အောက်တိုဘာလ ၂၀၂၆ ညနေ ၅ နာရီထက်** နောက်မကျပဲ လျှောက်ထားနိုင်ပါသည်။

- Cover Letter နှင့် ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်
- မိမိ ၏ ယခင်လုပ်ငန်းအတွေ့ အကြုံများ မှ တိုက်ရိုက် ကြီးကြပ်သူ (၃) ဦး၏ အီးမေး၊ လက်ရှိ ရာထူး၊ ဖုန်းနံပါတ်၊ လက်ရှိလုပ်ဆောင်နေသော အဖွဲ့အစည်း အမည် တို့အား လုပ်ငန်းလျှောက်လွှာတွင် ဖော်ပြရန်။

**မှတ်ချက်:** သင့်တော်ပြီး အရည်အချင်းပြည့်မီသော လျှောက်ထားသူများကို တွေ့ရှိပါက သတ်မှတ်ရက်ထက်စော၍ လူတွေ့စစ်ဆေးခြင်းနှင့် ဝန်ထမ်းခန့်အပ်ခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားနိုင်ပါသည်။